# ကရင်နီလူထုအခြေပြု လူမှုအသင်းအဖွဲ့များ ကိုယ်စားလှယ်အဖွဲ့

အပစ်အခတ်ရပ်စဲရေးအပေါ် သဘောထားထုတ်ပြန်ချက်

**နေ့စွဲ။** ။ ၂၀၁၂ ခုနှစ် မတ်လ (၆) ရက်

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(ကေအန်ပီပီ)နှင့် လက်ရှိဗမာပြည်အစိုးရတို့၏ နှစ်ဖက် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှု လုပ်ငန်းစဉ်အပေါ် ကရင်နီလူထုအခြေပြု လူမှုအဖွဲ့အစည်းများမှ အမြင်သဘောထားများ ဆွေးနွေးဖလှယ်သည့် အစည်းအဝေးတစ်ရပ်ကို ၂၀၁၂ ခုနှစ်၊ မတ်လ (၅) ရက်နေ့တွင်ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် ကရင်နီလူမှုအသင်းအဖွဲ့(၁၄)ဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ပြီး တူညီသော အမြင်သဘောထားများ အချက်(၁၃)ချက်ကို သဘောတူညီခဲ့ကြသည်။

၁။ လက်ရှိ ဗမာပြည်အစိုးရမှ အနာဂါတ် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးရန် ဖိတ်ဖေါ်ကမ်းလှမ်းသည်ကိုလည်းကောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ အစိုးရ၏ ဖိတ်ခေါ် ကမ်းလှမ်းချက်ကို သဘောတူ လက်ခံပြီး သွားရောက် တွေ့ဆုံဆွေးနွေးသည်ကိုလည်းကောင်း မိမိတို့ ကရင်နီ လူထုအခြေပြု လူမှုအဖွဲ့အစည်းများမှ ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆို ထောက်ခံပါသည်။

၂။ အပစ်ရပ်ဆွေးနွေးလုပ်ငန်းစဉ်တွင် နှစ်ဖက်တွေ့ဆုံဆွေးနွေးသူများသည် အနာဂါတ်တိုင်းပြည် ငြိမ်းချမ်းသာယာရေးကို ရည်ရွယ်ရေးရှု၍ ရိုးသားမှန်ကန်စွာနှင့် ဖြူစင်စေတနာစိတ်ထားဖြင့် တွေ့ဆုံဆွေးနွေးမှသာလျှင် တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေး ရလဒ်ကို မလွဲမသွေရရှိမည် ဖြစ်သည်။

၃။ နှစ်ဦးနှစ်ဖက် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးကို လိုလိုလားလား အမှန်တကယ် တည်ဆောက်လိုမှသာလျှင် ငြိမ်းချမ်းရေး အဓိပ္ပါယ်နှင့်ပြည့်စုံမည်ဖြစ်သည်။

၄။ အပစ်ရပ်တွေ့ဆုံဆွေးနွေးပွဲ ရည်ရွယ်ချက်သည် လူတစ်စု သို့မဟုတ် လူတန်းစားတစ်ခု သို့မဟုတ် ပါတီအဖွဲ့အစည်းတစ်ခု၏ အာဏာတည်တံ့ရေးနှင့် အကျိုးစီးပွါးကိုသော်လည်းကောင်း၊ သို့မဟုတ် လူမျိုးတစ်မျိုး၏ အကျိုးစီးပွါးကိုသာမျော်ကိုး၍မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်သူ တစ်မျိုးသားလုံး၏ အကျိုးစီးပွါးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်မျော်ကိုးရမည်ဖြစ်သည်။ အနာဂါတ်တွင် တသွေမတိမ်း စစ်မှန်သောပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ရိုးသားမှန်ကန်သည့် စိတ်ရင်းစေတနာဖြင့် ဆွေးနွေးပွဲ ဝင်ရောက်ရမည်ဖြစ်သည်။

၅။ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွင် နှစ်ဖက်သက်သေများအနေဖြင့် လူထုကိုယ်စားလှယ်များ၊ လူမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်တော်များနှင့် ဘာသာရေးခေါင်းဆောင်များ၊ သတင်းမီဒီယာများ တက်ရောက် ကြားနာပိုင်ခွင့် ရှိရမည်။

၆။ ဒီမိုကရေစီဆီသို့ဦးတည်ချီတက်သည့်နှင့်အညီ နှစ်ဖက် တွေ့ဆုံဆွေးနွေးချက်များကို ပွင့်လင်းမြင်သာစေရန် အတွက် မီဒီယာများမှတဆင့် လူထုများကို ပွင့်ပွင့်လင်းလင်း အသိပေးထုတ်ဖော် ချပြပေးရမည်။

၇။ အပစ်အခတ်ရပ်စဲရေးသဘောတူပြီးသည်နှင့်တပြိုင်တည်း ပထမဦးစားပေးလုပ်ဆောင်ချက်အနေဖြင့် တိုင်းရင်းသားအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲကို တချိန်တည်း တနေရာတည်းတွင် အမြန်ဆုံး စတင်အကောင်အထည်ဖော် ဆောင်ရမည်။

၈။ အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းကြီးများအားလုံးကို ပြန်လည်သုံးသပ်ပြီး ရပ်စဲထားရန်နှင့် ဆောင်ရွက်လိုသည့် စီးပွားရေးနှင့် ဖွံ့ဖြိုးစီမံကိန်းသစ်များကို တိုင်းရင်းသားအဖွဲ့အစည်းအားလုံးနှင့်သက်ဆိုင်သူအသီးသီးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှ နိုင်ငံရေးပြဿနာများအားလုံး ဖြေရှင်းပြီးသည့်နောက်မှသာ စဉ်းစားရမည်။

၉။ ပြည်သူလူထုများ လွတ်လပ်စွာသွားလာ လုပ်ကိုင်စားသောက်နိုင်ရန်အတွက် နှစ်ဖက်မှ တာဝန်ယူ၍ မြှုပ်နှံချထားသည့် စွန့်လွှတ်မိုင်းများ အပါအဝင်၊ မြေမြှုပ်မိုင်းများအားလုံးကို ရှင်းလင်းဖယ်ရှားပေးရမည်။

၁၀။ အပစ်အခတ်ရပ်စဲရေးသဘောတူပြီးသည့်နောက် ဒေသအတွင်း လူ့အခွင့်ရေးချိုးဖေါက်မှုရပ်စဲရန်နှင့် အထူးသဖြင့် အမျိုးသမီးများအပါအဝင် ပြည်သူလူထု၏ ဘဝလုံခြုံရေးကို အာမခံချက်ပေးရမည်။

၁၁။ ဒေသအတွင်း လူမှုအခြေပြုအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းထူထောင်ခွင့်ရှိပြီး အသိအမှတ်ပြုခြင်းနှင့် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိရမည်။

၁၂။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံ လူမှုအခြေပြု အဖွဲ့အစည်းများမှ လေ့လာစောင့်ကြည့်ခွင့်ရှိရမည်။

၁၃။ ပြည်သူလူထုအားလုံးသည် တရားဥပဒေလမ်းကြောင်းအရ အကာအကွယ်ရရှိရန် မျှတသော ဥပဒေစိုးမိုးရေးကို လက်တွေ့အကောင်အထည်ဖေါ်ရမည်။

## ကရင်နီ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ ကိုယ်စားလှယ်အဖွဲ့

ဆွေးနွေးပွဲတက်ရောက်သော ကရင်နီလူထုအခြေပြု လူမှုအဖွဲ့အစည်းများ

၁) ကရင်နီလူမှုဖူလုံရေးနှင့်ဖွံ့ဖြိုးရေးပင်မ (KSWDC)

၂) ကရင်နီအမျိုးသမီးအစည်းအရုံး (KNWO)

၃) ကရင်နီဒုက္ခသည်ပင်မကော်မတီ (KnRC)

၄) ကရင်နီအမျိုးသားလူငယ်အစည်းအရုံး (KNYO)

၅) ကရင်နီကျောင်းသားများသမဂ္ဂ (KSU)

၆) ကရင်နီကျောင်းဆရာ၊ဆရာမများသမဂ္ဂ (KnTU)

၇) ကရင်နီသတင်းစုဆောင်းရေးစင်တာ (KDC)

၈) ကရင်နီလူမှုအသင်းအဖွဲ့ဆက်စပ်ဆောင်ရွက်ရေးကွန်ယက် (KCSN)

၉) ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီ(KnMHC)

၁၀)ကန္တရဝတီတိုင်းမ်(KT)

၁၁)ကရင်နီအမြဲစိမ်းလန်းစိုပြေရေးအဖွဲ့ (KEG)

၁၂)ကရင်နီဖွံ့ဖြိုးရေးသုတေသနအဖွဲ့(KDRG)

၁၃)ကရင်နီကွန်မြူနီတီကောလိပ် (KnCC)

၁၄)ကရင်နီပင်မသတင်းဌါန (KnIC)

ပိုမိုသိရှိရန်ဆက်သွယ်နိုင်သည့်ပုဂ္ဂိုလ်များ

ခူးတော်ရယ် (အင်္ဂလိပ်လို) – ဖုန်း (၀၈၉ ၈၃၅ ၆၁၂၈)

သလဲစေး (မြန်မာလို) – ဖုန်း (၀၈၀ ၆၇၃ ၈၃၁၅)

ခူးမီရယ် (မြန်မာလို) – ဖုန်း (၀၈၁ ၀၂၉ ၉၅၇၀)